# ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အဓိကသတင်းစကားများ[1]

## နောက်ခံအကြောင်းအရာ

ဤစာတမ်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP) နှင့် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက ရပ်ရွာလူထုအတွင်း ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခြေခံသတင်းစကားများအား ဖြန့်ဝေထောက်ပံ့ပေးခြင်းကို ကူညီပေးရန်လည်းကောင်း၊ CP နှင့် GBV ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းကို တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် အခြေခံအချက်များကို ထောက်ပံ့ပေးရန်လည်းကောင်း ရည်ရွယ်၍ ရေးသားပြုစုထားခြင်းဖြစ်သည်။ "ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း" ဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိ ကလေးသူငယ်တစ်ဦးနှင့် အရွယ်ရောက်ပြီးသူတစ်ဦး သို့မဟုတ် အခြားကလေးသူငယ်တစ်ဦးကို တရားဝင် လက်ထပ်ထိမ်းမြားပေးခြင်း သို့မဟုတ် အလွတ်သဘောပေါင်းစည်းပေးခြင်းကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် များစွာတို့အရ အသက် ၁၈ နှစ်မပြည့်မီ ဖြစ်ပေါ်သော လက်ထပ်ထိမ်းမြားခြင်းသည် ဥပဒေမူဘောင်အရ သို့မဟုတ် ဘာသာရေးဥပဒေများအရ ခွင့်ပြုထားလျှင်ပင် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ပြီး၊ ထိခိုက်နစ်နာစေသော အလေ့အထတစ်ခုဖြစ်သည်။

သင်သည် ဝန်ဆောင်မှုထောက်ပံ့ပေးသူတစ်ဦးဖြစ်ပြီး၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာစီမံကိန်းရေးဆွဲခြင်းအတွက်ဖြစ်စေ၊ ဤသတင်းစကားများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ နှစ်မျိုးလုံးအတွက်ဖြစ်စေ အကူအညီလိုအပ်ပါက သင်၏ ပြည်နယ်/ဒေသကြီးရှိ CP AoR ညှိနှိုင်းရေးမှူး သို့မဟုတ် GBV AoR ညှိနှိုင်းရေးမှူးထံသို့ဖြစ်စေ၊ နိုင်ငံအဆင့် CP AoR ညှိနှိုင်းရေးမှူးဖြစ်သူ Kristen Hayes krhayes@unicef.org ထံသို့ဖြစ်စေ၊ နိုင်ငံအဆင့် GBV AoR ညှိနှိုင်းရေးမှူးဖြစ်သူ Kibrom Girmay kgirmay@unfpa.org ထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

## ရပ်ရွာလူထုအတွက် အဓိကသတင်းစကားများ

### ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ်များအတွက် အဓိကသတင်းစကားများ

လက်ထပ်ထိမ်းမြားခြင်းကို ယောကျ်ားလေးများနှင့် မိန်းကလေးများ အရွယ်ရောက်သည်အထိ အချိန်ဆိုင်းထားခြင်းသည် အကျိုးကျေးဇူးများစွာ ရှိနိုင်ပါသည်။ ဥပမာအားဖြင့် -

- သင်သည် အရွယ်မရောက်မီ လက်ထပ်ထိမ်းမြားခြင်း မပြုလျှင်၊ သင့်တွင် အောင်မြင်သော အရွယ်ရောက်သူအဖြစ်သို့ ကြီးထွားရန်နှင့် အကောင်းဆုံးရွေးချယ်မှုများကိုပြုလုပ်ရန် အကောင်းဆုံးအခွင့်အလမ်းရှိနေသည်။
- သင်သည် ကလေးဘဝတွင်ပင်ရှိနေသေးပြီး၊ လက်ထပ်ထိမ်းမြားခြင်းကို အရွယ်ရောက်သည်အထိ အချိန်ဆိုင်းထားလျက် မိမိကိုယ်မိမိ အာရုံစိုက်နိုင်ပါက သင်သည် အရေးကြီးသော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ပါလိမ့်မည်။ ဤအရေးကြီးသော ကျွမ်းကျင်မှုများသည် နောက်ပိုင်းတွင် သင့်အတွက်၊ သင့်မိသားစုအတွက်နှင့် သင့်ရပ်ရွာအတွက် အသုံးဝင်လာပါလိမ့်မည်။

---

[1] နောက်ခံအကြောင်းအရာတွင် ဖော်ပြထားသည့်အတိုင်းပင်၊ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ စောစီးစွာ လက်ထပ်ထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍ CP နှင့် GBV ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအား အခြေခံသတင်းစကားများနှင့် သဲလွန်စအချက်များကို လျင်မြန်စွာ ထောက်ပံ့ပေးရန်ဖြစ်သည်။ ဤသတင်းစကားများကို ကမ္ဘာလုံးအဆင့်နှင့်မြန်မာနိုင်ငံ အဆင့်တို့ရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အခြားသော သီးသန့်လမ်းညွှန်ချက်များနှင့်အတူ တွဲ၍ အသုံးပြုရန် ရည်ရွယ်ပါသည်။

- သင်သည် လက်ထပ်ထိမ်းမြားခြင်းကို အချိန်ဆိုင်းထားပါက ကျောင်းပြီးဆုံးအောင် တက်ရောက်နိုင်ပါလိမ့်မည်။ ကျောင်းသည် သင့်အတွက် ကစားရန်နှင့် သင်ယူလေ့လာရန်အတွက် ဘေးကင်းလုံခြုံသော နေရာတစ်ခုကို ထောက်ပံ့ပေးပြီး၊ ကျောင်းပြီးဆုံးအောင် တက်ရောက်ခြင်းအားဖြင့် ယောကျ်ားလေးနှင့် မိန်းကလေး နှစ်ဦးလုံးအတွက် နောက်ပိုင်း အသက်ကြီးလာချိန်တွင် ဝင်ငွေပိုမို ရှာဖွေနိုင်အောင် ကူညီပေးပါလိမ့်မည်။
- သင်သည် လက်ထပ်ထိမ်းမြားခြင်းကို အချိန်ဆိုင်းထားပါက၊ အိမ်ထောင်စုကို စီမံခန့်ခွဲရခြင်းနှင့် ဝင်ငွေရှာဖွေရခြင်းအတွက် အလုပ်မရှုပ်တော့သဖြင့် သင်၏ သူငယ်ချင်းများ၊ မိသားစုဝင်များအတွက် အချိန်ပိုရနိုင်သည်။
- လက်ထပ်ထိမ်းမြားခြင်းသည် အရေးကြီးသော ဘဝအဆင့်တစ်ခုဖြစ်ပြီး၊ လက်ထပ်ခြင်းကို အရွယ်ရောက်သည်အထိ စောင့်ဆိုင်းခြင်းသည် သင့်အတွက် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်စေပါလိမ့်မည်။ သင်အသက်ပိုကြီးလာချိန်တွင် သင်ကိုယ်တိုင်အတွက် အကောင်းဆုံးအရာကို သိလာမည်ဖြစ်ပြီး၊ ဤသို့ ဆုံးဖြတ်ခြင်းသည် မှန်ကန်ကြောင်းကိုလည်း သိလာပါလိမ့်မည်။ သင်အသက်ပိုကြီးလာချိန်တွင် သင်၏ ဇနီး/ခင်ပွန်းနှင့် မိသားစုအပေါ် ပိုမိုကောင်းမွန်စွာ ဂရုစိုက်နိုင်စွမ်းလည်း ရှိလာပါလိမ့်မည်။

စောစီးစွာ လက်ထပ်ထိမ်းမြားခြင်းသည် မိန်းကလေးနှင့် ယောကျ်ားလေးများအပေါ် အောက်ပါ ထိခိုက်နစ်နာစေသည့် သက်ရောက်မှုများ ရှိလာနိုင်သည် -

- မိန်းကလေးငယ်များသည် ရင်သွေးငယ်ထွက်လာရန် အသင့်မဖြစ်မီတွင် [လမပြည့်မီ] ကလေးစောမွေးနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသည်။ သင်သည် အသက် ၂၀ မတိုင်မီတွင် ကိုယ်ဝန်ဆောင်ရပါက နောက်ဆက်တွဲ ဆေးကုသမှုများ လိုအပ်နိုင်သည်။ ရင်သွေးငယ် မွေးဖွားမှုကို ကူညီပေးရန် ခွဲစိတ်မှုလိုအပ်နိုင်ပြီး၊ ယင်းကြောင့် မိခင်မိန်းကလေးနှင့် ရင်သွေးငယ်အတွက် ပြင်းထန်သော ထိခိုက်မှုအန္တရာယ်များ ရှိလာနိုင်သည်။
- သင်သည် အရွယ်မရောက်မီ လက်ထပ်ခဲ့ပါက၊ ကျောင်းတက်ရမည့် နှစ်အနည်းငယ်ကို ဆုံးရှုံးသွားနိုင်ဖွယ်ရှိပြီး၊ ရလဒ်အနေဖြင့် သင်၏ သူငယ်ချင်းများနှင့် နှိုင်းယှဉ်လျှင် ကျွမ်းကျင်မှု၊ အသိပညာနှင့် အတွေ့အကြုံများ နည်းပါးနိုင်သည်။
- အရွယ်မရောက်မီ လက်ထပ်ခဲ့သော ယောကျ်ားလေးများသည် အိမ်ထောင်တစ်ခုကို ငွေရေးကြေးရေး ထောက်ပံ့ပေးရန် မျှော်လင့်ခံရလေ့ရှိပြီး၊ ယင်းအချက်မှာ စိတ်ဖိစီးမှုဖြစ်စေနိုင်သည်။ အထူးသဖြင့် သင်သည် စောစီးစွာ ကျောင်းထွက်ခဲ့ပြီး ဝင်ငွေရှာဖွေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာ မရှိပါက စိတ်ဖိစီးမှု ပိုဖြစ်နိုင်သည်။
- အရွယ်မရောက်မီ လက်ထပ်ခဲ့သော မိန်းကလေးများသည် အိမ်ထောင်စုတာဝန်များနှင့် အလုပ်ရှုပ်နေသည့်အတွက် သူတို့၏ သူငယ်ချင်းများနှင့် မိသားစုကို မကြာခဏ မတွေ့နိုင်တော့ပါ။
- အရွယ်မရောက်မီ လက်ထပ်ခဲ့သော မိန်းကလေးများသည် အိမ်တွင်းအကြမ်းဖက်မှုများကို ကြုံတွေ့ရနိုင်ခြေ ပိုများပြီး၊ သူတို့ မလိုလားသော သို့မဟုတ် သူတို့အသင့်မဖြစ်သေးသော လိင်မှုအတွေ့အကြုံများအတွက် အတင်းအကျပ်ဖိအားပေးခံကြရသည်။

## အရွယ်ရောက်ပြီးသူများနှင့် အုပ်ထိန်းသူများအတွက် အဓိကသတင်းစကားများ

လက်ထပ်ထိမ်းမြားခြင်းကို အသက် ၁၈ နှစ်ကျော်သည့်အထိ အချိန်ဆိုင်းထားခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရှိပါသည်။ ဥပမာအားဖြင့် -

- ကလေးသူငယ်များသည် လက်ထပ်ခြင်းကို အချိန်ဆိုင်းထားပြီး သူတို့၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ဆောင်ရွက်ခြင်းအားဖြင့်၊ ဘဝအတွက်အရေးကြီးသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်နိုင်ပြီး၊ အမှီအခို ပိုကင်းလာကာ၊ အနာဂတ်ကာလတွင် သူတို့၏ မိသားစုများနှင့် ရပ်ရွာအသိုင်းအဝိုင်းကို အကျိုးပြုပါလိမ့်မည်။
- မိန်းကလေးများနှင့် ယောကျ်ားလေးများသည် လက်ထပ်ထိမ်းမြားခြင်းကို အချိန်ဆိုင်းထားပါက၊ သူတို့၏ ပညာရေးပြီးဆုံးသည်အထိ ကျောင်းတက်နိုင်ပါလိမ့်မည်။ မိန်းကလေးများနှင့် ယောကျ်ားလေးများကို ကျောင်းတွင် ဆက်ရှိနေရန်နှင့် လက်ထပ်ထိမ်းမြားမှုကို ရှောင်ရှားနိုင်ရန် ကူညီပေးခြင်းသည် လူ့အသိုင်းအဝိုင်းတစ်ခုလုံးသို့ တိုးချဲ့ရောက်ရှိနိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ပညာရေးအဆင့်အတန်းနိမ့်ကျခြင်းနှင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းတို့ ပေါင်းစပ်၍ မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ နောက်ပိုင်းဘဝတွင် သိက္ခာရှိစွာ နေထိုင်နိုင်ရေးကို တားဆီးပိတ်ပင်နိုင်သည်။ ဤအချက်သည် အိမ်ထောင်စုများနှင့် ရပ်ရွာအသိုင်းအဝိုင်းအားလုံးတို့၏ နေထိုင်မှုအဆင့်အတန်းနှင့် ကျန်းမာပျော်ရွှင်ရေးတို့အပေါ် ဆိုးကျိုးများသက်ရောက်စေပါသည်။
- မိန်းကလေးတစ်ဦးအား အသက် ၂၀ မတိုင်မီတွင် ပထမဆုံးကိုယ်ဝန်မဆောင်ရစေရန် အချိန်ဆိုင်းထားခြင်းသည် ဘေးအန္တရာယ် ပိုမိုကင်းရှင်းသော ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းတို့ဖြစ်စေရန် ကူညီပေးသည်။ ရင်သွေးငယ်ကို အချိန်မတိုင်မီ မွေးဖွားခြင်း သို့မဟုတ် ကိုယ်အလေးချိန်မပြည့်ခြင်း သို့မဟုတ် နှစ်မျိုးလုံး၏ ဖြစ်နိုင်ခြေကို လျှော့ချပေးသည်။

ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း၏ ရလဒ်အဖြစ် ကလေးသူငယ်များအား ထိခိုက်နစ်နာစေသည့် အကျိုးဆက်များစွာ ရှိကြပါသည်။ ဥပမာအားဖြင့် -

- အသက်ငယ်လွန်းချိန်တွင် လက်ထပ်ခြင်းသည် မိန်းကလေးများ၏ လွတ်လပ်မှုကို အကန့်အသတ်ဖြစ်စေသည်။ အသက်ငယ်ချိန်တွင် လက်ထပ်ခဲ့သည့် မိန်းကလေးများသည် များသောအားဖြင့် သူတို့၏ သူငယ်ချင်းများနှင့် မတွေ့နိုင်တော့ဘဲ၊ ကျောင်းဆက်တက်ရန်လည်း ခွင့်ပြုချက် မရတော့ပါ။
- အသက်ငယ်ချိန်တွင် လက်ထပ်ခဲ့သည့် မိန်းကလေးများနှင့် ယောကျ်ားလေးများသည် များသောအားဖြင့် ကျောင်းထွက်ကြရပြီး၊ ပညာရေးအတွက် အရေးကြီးသော နှစ်များကို လွဲချော်ကြရသည်။ အကျိုးဆက်အဖြစ် အရွယ်ရောက်ပြီးမှ လက်ထပ်သူများကဲ့သို့ အိမ်ထောင်သည်ဘဝ အခန်းကဏ္ဍများကို ညှိနှိုင်းဆွေးနွေးရန် အသိပညာ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများမှာ အကန့်အသတ်ဖြင့်သာ ရှိပါလိမ့်မည်။
- မိန်းကလေးများအား လက်ထပ်ခြင်းသည် ယင်းမိန်းကလေးများကို အကြမ်းဖက်မှုမှ ကာကွယ်ပေးသည့် နည်းလမ်းတစ်ရပ်အဖြစ် တခါတရံ ရှုမြင်နိုင်ပါသည်။ သို့သော် အသက်ငယ်ချိန်တွင် လက်ထပ်ရသည့် မိန်းကလေးများသည် အမှန်တကယ်အားဖြင့် လက်ထပ်ပြီးနောက်ပိုင်းတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ပိုမိုကြုံတွေ့ရနိုင်ဖွယ်ရှိပါသည်။ အိမ်ထောင်ဖက်နှင့် အသက်ကွာခြားမှု များလေလေ၊ အကြမ်းဖက်မှု ကြုံတွေ့ရနိုင်ခြေ ပိုများလေလေဖြစ်ပါသည်။ အသက်ငယ်ချိန်တွင် လက်ထပ်ရသည့် မိန်းကလေးများသည် သူတို့၏ ပထမဦးဆုံးသော လိင်မှုဆိုင်ရာ အတွေ့အကြုံကို အတင်းအကျပ်ပြုခံရမှုအနေဖြင့် ထုတ်ဖော်ပြောတတ်ကြသည်။
- လက်ထပ်ပြီးနောက်ပိုင်းတွင် ကလေးယူရန် မကြာခဏဖျော်လင့်တတ်ကြရာ၊ ဆယ်ကျော်သက်အရွယ် မိခင်ငယ်များအတွက် သားဦးမွေးဖွားရခြင်းသည် အန္တရာယ်ဖြစ်နိုင်ခြေအများဆုံးဖြစ်သည်။ ဥပမာအားဖြင့် အသက်ငယ်ချိန်တွင် ကိုယ်ဝန်ဆောင်ရသည့် မိန်းကလေးများသည် သူတို့၏ တင်ပါးဆုံရိုးအလွန်သေးငယ်သောကြောင့် ကလေးမီးဖွားရာတွင်

မကြာခဏအခက်အခဲတွေ့တတ်သည်။ ထို့ကြောင့် ရင်သွေးငယ်မွေးဖွားနိုင်ရေးအတွက် ခွဲစိတ်မှုလိုအပ်လာနိုင်သည်။ အသက်ငယ်စဉ်အတွင်း ကိုယ်ဝန်ဆောင်ခြင်းသည် အန္တရာယ်အလွန်ကြီးမားပြီး၊ ဆရာဝန်များက မိန်းကလေးငယ်များ ကလေးယူရန် မကြိုးစားမီတွင် အပျိုဖော်ဝင်ချိန်/မျိုးကောင်ပေါက်အရွယ်ကို ဖြတ်သန်းပြီးစီးရန် အကြံပြုထားသည်။ မိခင်၏ အသက်ငယ်လေလေ၊ မိခင်နှင့် ရင်သွေးငယ်အတွက် အန္တရာယ်ပိုကြီးလေလေ ဖြစ်ပါသည်။

- စောစီးစွာ လက်ထပ်သော ယောကျာ်းလေးများသည် တိုးတက်လာသော ငွေရေးကြေးရေးဖိအားများနှင့် အိမ်ထောင်တာဝန်များကိုလည်း ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် ယောကျာ်းလေးများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် ဆိုးကျိုးများ သက်ရောက်နိုင်ပါသည်။
- ကလေးသူငယ်တိုင်းသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း အပါအဝင် ကျားမအခြေပြုအကြမ်းဖက်မှုများ (GBV) မှ ကာကွယ်စောင့်ရှောက်ခြင်း ခံရရန် အခွင့်အရေးရှိသည်။ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းသည် GBV ပုံစံတစ်မျိုးပင်ဖြစ်သည်။ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းသည်လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်၊ သို့သော် ဤအလေ့အထသည် ဥပဒေများ ပြဋ္ဌာန်း၍ တားမြစ်ထားသည့်ကြားမှပင် ဆက်လက်ကျယ်ပြန့်နေဆဲဖြစ်ပါသည်။
- သင်၏ သား သို့မဟုတ် သမီးသည် အသက် ၁၈ နှစ်မပြည့်မီ လက်ထပ်ထားပြီးဖြစ်ပါက၊ ထိုသား/သမီးသည်လည်း အခြားသော ကလေးသူငယ်များကဲ့သို့ပင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားမှုအခွင့်အရေးများကဲ့သို့သော တန်းတူ အခွင့်အရေးများ ကို ပိုင်ဆိုင်ထားပါသေးသည်။ လက်ထပ်ထားပြီးသော သင်၏ ကလေးများအား ကျောင်း သို့မဟုတ် အစားထိုးပညာရေးအစီအစဉ်များ သို့မဟုတ် သက်မွေးပညာသင်တန်းများသို့ တက်ရောက်ရန် အားပေးပါ။ သင်၏ ကလေးများက ရရှိလိုက်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာတို့သည် သူတို့ကိုယ်တိုင်နှင့် သူတို့ ကလေးများ၏ ဘဝအတွက် အကျိုးရှိစေပါလိမ့်မည်။

## ဝန်ဆောင်မှုထောက်ပံ့ပေးသူများအတွက် လမ်းညွှန်ချက် - ကလေးတစ်ဦးက လက်ထပ်ထားပြီးကြောင်း သို့မဟုတ် မကြာမီ လက်ထပ်တော့မည်ဖြစ်ကြောင်း သင့်အား ပြောကြားလာပါက တုံ့ပြန်ဆောင်ရွက်ရမည့် အဆင့်များ

**အောက်ပါတို့ကို သတိရပါ -**

- ကလေးသူငယ်များ၊ ငယ်ရွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အသက်အရွယ်အလိုက် သင့်တော်သော ဘာသာစကား (စကားလုံး) ကို အမြဲတမ်း အသုံးပြုပါ။ ယင်းစကားလုံးများကို ကလေးသူငယ်များ၊ ငယ်ရွယ်သူများ၏ (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ) ဖွံ့ဖြိုးမှု စွမ်းရည်အလိုက် လိုက်လျောညီထွေ ပြောင်းလဲရပါမည်။
- ဝန်ဆောင်မှုထောက်ပံ့ပေးသူများသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍ ဤစာတမ်းပါ အဓိကသတင်းစကား များအား ဖြန့်ဝေပေးခြင်းအပါအဝင် ဝန်ဆောင်မှုများကို ပေးအပ်စဉ်အတွင်းတွင်၊ လက်ထပ်ထားပြီးသော သို့မဟုတ် လက်ထပ်အံ့ဆဲဆဲ ဖြစ်သော ကလေးသူငယ်များကို ကြိုတင်၍ သတ်မှတ်ဖော်ထုတ်ခြင်း သို့မဟုတ် ရှာဖွေခြင်းတို့ကို မပြုလုပ်သင့်ပါ၊ ထိုသို့ ပြုလုပ်မည့်အစား အရွယ်ရောက်ပြီးသူတစ်ဦးဦး သို့မဟုတ် ကလေးသူငယ်တစ်ဦးဦးက အကူအညီတောင်းခံလာပါက အသင့်ဖြစ်နေရန် ပြင်ဆင်ထားရပါမည်။

- ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုအကြောင်း ထုတ်ဖော်ပြောကြားချက်တစ်ခုကို လက်ခံရရှိသည့် ဝန်ဆောင်မှုထောက်ပံ့ပေးသူတစ်ဦးသည် ထိုလက်ထပ်ထိမ်းမြားမှု မဖြစ်လာစေရန် သို့မဟုတ် ဆက်လက်မတည်ရှိစေရန်အတွက် ကလေးသူငယ် သို့မဟုတ် အုပ်ထိန်းသူနှင့် တိုက်ရိုက်ကြားဝင်ဆောင်ရွက်ရမည့် လတ်တလော အခန်းကဏ္ဍ (တာဝန်) မရှိကြောင်း သတိပြုပါ။ ထိုသို့သော ဆောင်ရွက်မှုမျိုးသည် သင်ကူညီရန် ကြိုးစားနေသည့် မိန်းကလေးအတွက် မရည်ရွယ်ဘဲ ထိခိုက်နစ်နာစေနိုင်သော အကျိုးဆက်များ ရှိလာနိုင်ပြီး၊ ကြားဝင်ဆောင်ရွက်ပေးသူအတွက်လည်း အန္တရာယ် ရှိနိုင်ပါသည်။
- ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းသည် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ပုံစံတစ်မျိုးဖြစ်ပြီး၊ "GBV ရှင်သန်ကျန်ရစ်သူများအား မည်သို့ ကူညီမည်နည်း" ဟူသော လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအတွက် အဆင့်လိုက်လမ်းညွှန်ချက်များ (step-by-step Pocket Guide for humanitarian practitioners on 'How to support survivors of gender-based violence') အတိုင်း လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။
- ဝန်ဆောင်မှု ထောက်ပံ့ပေးသူအားလုံးတို့သည် မိမိတို့နယ်မြေအတွင်းတွင် CP နှင့် GBV ဆိုင်ရာ ဝန်ဆောင်မှုများအပါအဝင် မည်သည့်ဝန်ဆောင်မှုများ ရှိနေသည်ကို နားလည်ထားရန် အရေးကြီးပါသည်၊ သို့မှသာ ပုဂ္ဂိုလ်တစ်ဦးချင်းကို လိုအပ်သော အချိန်တွင် ဘေးကင်းလုံခြုံစွာ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။
- ဝန်ဆောင်မှုထောက်ပံ့ပေးနေသူများသည် ကလေးသူငယ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေချိန်တွင် ပြုစုပျိုးထောင်ပေးသော၊ သက်တောင့်သက်သာဖြစ်စေသော၊ အကူအညီပေးသော ပုံစံတွင် ရှိနေရပါမည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သို့မဟုတ် ကျားမအခြေပြုအကြမ်းဖက်မှုတို့ကို အထူးပြုဆောင်ရွက်ပေးနေသူများ မဟုတ်ကြသည့် ဝန်ဆောင်မှုထောက်ပံ့ပေးသူများက လိုက်နာဆောင်ရွက်ရမည့် အဆင့်များ**

၁။ သင့်ကိုယ်သင် မိတ်ဆက်ပါ။ သင်က မည်သို့ ကူညီပေးရမည်ဖြစ်ကြောင်း မေးမြန်းပါ။ လေးစားမှုရှိစွာ၊ ဘေးကင်းလုံခြုံစွာဖြင့် လျှို့ဝှက်ချက်ထိန်းသိမ်းလျက် ခွဲခြားဆက်ဆံမှုမရှိဘဲ ပြောဆိုဆောင်ရွက်ပါ။

၂။ ကလေးသူငယ်အတွက် ရရှိနိုင်သည့် ဝန်ဆောင်မှု သို့မဟုတ် အကူအညီနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ပြီး လက်ရှိအခြေအနေကို ဖော်ပြသော သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါ။ GBV လွှဲပြောင်းပေးအပ်ရေးလမ်းကြောင်းတစ်ခု ရှိပါက၊ ကလေးသူငယ် သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် နှစ်ဦးလုံးကို ရရှိနိုင်သော GBV ဝန်ဆောင်မှုများအကြောင်း အသိပေးရှင်းပြပြီး၊ ရှင်သန်ကျန်ရစ်သူ (ကလေးသူငယ်) က ခွင့်ပြုချက်ပေးပါက လွှဲပြောင်းပေးပါ။

၃။ ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုရှိကြောင်း ထုတ်ဖော်ပြောကြားလာသူများက ဝန်ဆောင်မှုများကို ရှာဖွေနေပါက၊ GBV ဝန်ဆောင်မှုသို့ လွှဲပြောင်းပေးရန်အတွက် အုပ်ထိန်းသူနှင့် ကလေးသူငယ်တို့ထံမှ ကြိုတင်အသိပေးထားသော ခွင့်ပြုချက်ကို ရယူပါ။

၄။ အုပ်ထိန်းသူ မရှိသည့်/မပါသည့် ကလေးသူငယ်တစ်ဦးမှ ထုတ်ဖော်ပြောကြားလာပါက၊ ကြိုတင်အသိပေးထားသော ခွင့်ပြုချက်ရယူသည့် လုပ်ငန်းစဉ်သည် ယင်းကလေးသူငယ်၏ အသက်ပေါ်တွင် မူတည်နေပါလိမ့်မည်။

(က) ကလေးသူငယ်သည် အသက် ၆ နှစ်မှ ၁၁ နှစ်အတွင်းဖြစ်ပါက၊ ကြိုတင်အသိပေးထားသော သဘောတူညီချက် (ကလေးသူငယ်က ဝန်ဆောင်မှုများကို လက်ခံရယူလိုကြောင်း သဘောတူညီချက်) ကို ရယူရပါမည်။ အုပ်ထိန်းသူက အထောက်အကူ မဖြစ်လျှင် သို့မဟုတ် အုပ်ထိန်းသူနှင့် ချိတ်ဆက်ဆောင်ရွက်မှုသည် ဆယ်ကျော်သက်ကလေးသူငယ်၏

အကောင်းဆုံးအကျိုးစီးပွား မဟုတ်ဟု ထင်မြင်ယူဆလျှင်၊ (ကလေးသူငယ်၏ သဘောထားအရ) ယုံကြည်ရလောက်သည့် အခြားအရွယ်ရောက်သူတစ်ဦးက ဝန်ဆောင်မှုများရယူခြင်းအတွက် စာဖြင့်ရေးသားထားသော ခွင့်ပြုချက်ကို ပေးနိုင်သည်။

(ခ) အသက် ၁၂ နှစ်မှ ၁၄ နှစ်အတွင်းရှိ ဆယ်ကျော်သက်များအတွက် တူညီသော လုပ်ငန်းစဉ်ကို ကျင့်သုံးပါသည်။ သို့သော် ဆယ်ကျော်သက်အရွယ်ကလေးသူငယ်၏ ရင့်ကျက်မှုပေါ်မူတည်၍ သူတို့ပေးအပ်လိုက်သော ခွင့်ပြုချက်များကို “ထိုက်သင့်သော အလေးပေးမှု (due weight)” ပြုလုပ်ပါမည်။ ဆိုလိုသည်မှာ ကလေးသူငယ်များ၏ အသက်နှင့် ရင့်ကျက်မှုကဲ့သို့သော အချက်များကို အခြေခံ၍ ယင်းကလေးသူငယ်များ၏ အမြင်များနှင့် ထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားခြင်းဖြစ်သည်။

(ဂ) အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ဆယ်ကျော်သက်များအတွက် ကြိုတင်အသိပေးထားသော ခွင့်ပြုချက်/သဘောတူညီချက်ကို မိန်းကလေးထံမှ ရယူရမည်။

(ဃ) ကြိုတင်အသိပေးထားပြီး ရှင်းလင်းတိကျသော ခွင့်ပြုချက် မရှိပါက၊ ကလေးသူငယ် သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် သူတို့၏ အတွေ့အကြုံများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မှ မျှဝေခြင်း မပြုရပါ။ အမှုဖြစ်ရပ်အကြောင်း အသေးစိတ်အချက်များ သို့မဟုတ် မည်သူမည်ဝါမှန်း ထုတ်ဖော်သိရှိနိုင်သော အသေးစိတ်အချက်များကို အသံဖမ်းယူမှတ်တမ်းတင်ထားခြင်း မပြုရပါ။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် GBV တို့ကို အထူးပြု ဆောင်ရွက်နေသူများက လိုက်နာဆောင်ရွက်ရမည့် အဆင့်များ

၁။ ကလေးသူငယ်တစ်ဦးက လက်ထပ်ထားပြီးဖြစ်ကြောင်း သို့မဟုတ် လက်ထပ်တော့မည်ဖြစ်ကြောင်း သင့်အား ပြောကြားလာပါက “အေဂျင်စီများအကြား GBV အမှုဖြစ်ရပ်စီမံခန့်ခွဲရေးဆိုင်ရာ လမ်းညွှန်ချက်များ (Interagency GBV Case Management Guidelines)” တွင် ပါရှိသည့် “အချိန်မတိုင်မီ လက်ထပ်ထိမ်းမြားခြင်းအတွက် လမ်းညွှန်ချက်များ” တွင် ဖော်ပြထားသည့် အဆင့်များက တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းကို လမ်းညွှန်ပေးပါလိမ့်မည်။